SHARE:

Join Our Email List







## Digital Hate: Monthly Report for May 2024 (Eng / Myan)

**3rd July 2024**


| |
|---|
| 1. Introduction |
| 2. Methodology |
| 3. Findings of hate speech in social networks |

| |
|---|
| 4.The figure illustrating types of hate speech |
| 5. The figure illustrating the number of hate speech targets |
| 6. Keywords used by hate speech writers |
| 7. Conclusion |
| ၁။ နိဒါန်း |
| ၂။ သုတေသနနည်းနာ |
| ၃။ လူမှုကွန်ယက်များတွင် အမုန်းစကားတွေ့ရှိချက်များ |
| ၄။ အမုန်းစကားအမျိုးအစား အရေအတွက်ပြပုံ |
| ၅။ အမုန်းစကား ဦးတည်ပစ်မှတ် အရေအတွက်များအား ဖော်ညွှန်းပုံ |
| ၆။ အမုန်းစကားရေးသားသူများ သုံးစွဲသည့် keywords များ |
| ၇။ နိဂုံး |





## 1. Introduction

Since after the coup, the Myanmar military and its supporters has been spreading

religious hate speeches targeting ethnic minorities and religious minorities to make division, disunion and weaken among the revolutionary forces. The junta is disseminating its ideology by means of hate speech. Moreover, 2021 coup accelerates persecution, marginalization and violence against persecuted communities. The junta is using hate speech as a tool to create fear and disunion

among the communities. The military is trying to keep their power longer and to continue their persecution by creating hate speeches that target ethnic and religious groups as the Myanmar society is sensitive when it comes to race and religions.

The junta and its supporters are circulating hate speeches in various ways, via both online and printed media, to deviate the public attention from revolution.

The objective of BHRN monthly report is to monitor and analysis hate speeches circulated by the military and its supporters. BHRN documented a total of 112 hate speech cases in the month of May 2024.

## 2. Methodology

As hate speech is a term that comes from emotion, there is a wide spectrum in defining it, not a specific one. BHRN, therefore, standardized the definition of hate speech for this report as follows. Hate speech in this report means aggressiveness and hatred against protected characteristics of a person or a group, blaming, discriminative expression, writing, gesture, or art expression of excoriation, dehumanization.

It means attacking someone's faith, language, gender, sexual orientation, origin, ethnicity, skin colour, race, belief, citizenship and physical appearance. The monitored hate speeches were categorised as (1) Criminalising Hate Speech, (2) Abusive Hate Speech, (3) Dehumanizing Hate Speech, (4) Violence Inciting Hate Speech, (5) Threatening Hate Speech, and (6) Hate Speech that supports prejudicial actions inspired by hate speech.

BHRN has daily documented hate speech terms and usages found in the contents –based on the current political crisis - disseminated by the military.

This report was written after monitoring both online and printed media which were used by Junta and its supporters to spread their hate speeches. BHRN has monitored 9 Facebook groups, 36 Facebook Accounts, 19 Tik Tok Accounts, 25 Telegram Channels and 4 Printed Media during May 2024.

**Junta's Propagative Methodology**

The Myanmar junta is using hate speech to boost its propagative mechanism. The propagative mechanism includes repeating something again and again, dominating mentality, deception and manipulating data. By using those techniques, the Myanmar junta is creating narratives that could promote their image as "the protector of the nation and the religion" and "the promotor of harmony". Moreover, AA accused the Rohingya as the traitors of the nation.

The junta is using hate speech to stimulate serious emotions such as aggressiveness, fear and indignation. The junta is using those emotions to create hatred against its targeted area and organizations by means of fabricated cases and distortive information. This can lead to giving up and disunion among revolutionists.

This disunion will lead to the situation that the people focus on raising questions and blaming each other among the community rather than focusing to fight against persecuted policies of the military.

**Context of misinformation as hate speech**

In this report, BHRN has analysed hate speech in the context of the ongoing

In this report, BHRN has analysed hate speech in the context of the ongoing political tensions in Myanmar. Sometimes, when measured by international standards, what might look like misinformation takes on a different significance in the aftermath of the 2021 coup. This is because misinformation, particularly when aimed at individuals, groups with opposing political beliefs, or minority religious communities, can have severe consequences, even leading to loss of life and the intensification of religious and community conflicts.

Hate speech in Myanmar's current political climate is more than just false information; it can be a catalyst for very real and harmful outcomes, especially in the post-coup environment. Understanding this complex relationship between hate speech, misinformation, and their tangible impacts is crucial for grasping the region's broader social, political, and intergroup dynamics.

## 3. Findings of hate speech in Social Networks

A total of 112 hate speech cases were found during BHRN's monitoring process this month. When Facebook accounts were disabled, some created new accounts and some moved to Telegram channels. The military mainly used Telegram channels to spread hate speeches and the hate speeches were done through the cartoons more in this month.

### Hate Speech Targets and Usages

In this month's (the month of May) monitoring, hate speech targeted the most was Arakan Army (AA) and the second was PDF and the third was Rohingya community. Moreover, hate speeches targeting NUG and women were found as well.

In addition, the most used terms of hate speeches for this month are "dog, terrorists, kelwar (a word that refers to dog in Rakhine State) and Rolinenyar (referring Fake identity of Rohingya)."

### Hate speeches Targeted to the Rohingya

***Human Rights Minister of the National Unity Government, U Aung Myo Min's Hate Speech***




Speaking to VOA, Human Rights Minister of the National Unity Government said that "In Rakhine State, where the war frame is getting wider, the terrorist Junta is forcibly recruiting the Rohingya people and using them to fight against the Arakan Army. On the other hand, religious extremism and hatred were instilled into the Rohingya people to incite violence against other religions. Terrorist military council is the one who is creating these issues and our




people are the victims of this violence." Link ***Attach file Translation - 1 (See below)***

In April, former MP U Aung Thaung Shwe was interviewed by RFA about the situation in Buthidaung. he said that "houses in Buthidaung were burned down not because of war, but because of extremist Muslims who had been trained by the Junta and Rakhine people were afraid of the Junta and the extremist Muslim community." Following this, on the social media groups where the Rakhine people are in, posts were written to revenge the Rohingya. When the Minister of Human Rights said in the interview this way, it seemed to support the statement that the Rakhine people have to worry about the dangers of the Rohingya. Referring to the Rohingyas who were arrested in the hands of AA as the junta soldiers, saying that those Rohingyas were being pushed to commit violence against other religions incites the violence against the Rohingyas by extremist Rakhines.

***General Tun Myat Naing's Hate Speech***

General Tun Myat Naing posted on his Twitter account the Burmese marching song by replacing the original lyrics of the song "Our brave Burmese" with the lyrics "Our Brave Bengali", along with the image of the Rohingya who surrendered in the hands of AA as junta soldiers. He used Criminalizing Hate Speech and Abusive Hate Speech. - ***Attach file Translation - 2***





***Spring Revolution Sayataw Kaytara (Sri Lanka)'s Hate Speech***

Spring Revolution Sayardaw Kaytara (Sri Lanka) said "No ethnic people did the killing of Muslims, only the Junta did it. Which ethnic group and which people have violently killed your Muslims? Isn't it the military that has done all the violence and killing throughout history? The Muslims did not speak out about the burning incident in Karen State, they speak out only for Rohingya, and Muslims are only worthy to live under the military.

During 3 years and 5 months of the revolution, Muslim voices were missing. Muslims and Rohingyas are neither citizens or ethnic people, but they are guests and illegal migrants.



If Muslims cannot live in Myanmar,






they can leave. Muslims entered into Myanmar by sneaking and waging Jihad, and Rohingyas need to return to Bangladesh." In the case of Buthidaung, the Muslims raising their voice were compared to dogs. [Link](#)

- ***Attach file Translation - 3***

**Hate Speeches Targeted to the PDF** A pro-military Telegram Channel named as "Ka Ka Han" posted on 9th May that "PDFs bullied the CDMs who supported them. PDFs will bite your hands if you do not feed them one time, even after you fed them ten times." That post used Dehumanizing Hate Speech by describing PDFs as dogs. [Link](#) - ***Attach file Translation - 4***

A pro-military Telegram Channel named as "Pouk Sayataw" posted the Spring Revolution Monk's video along with the caption "This monk expressed the life of PDF that does not escape from the life of a beggar." That post used Dehumanizing Hate Speech by describing PDFs as beggars. [Link](#)
- ***Attach file Translation -5***






The Facebook account named as ‘Shwe Thaw’ posted that "The PDFs born from NUG, MOD, CRPH are not fighting against the military dictatorship but fighting back against the people. It is not strange when PDF are acting like a dictator towards the people because the only thing they want is power and they are trying to take power back from the military." That post used the hate speech that accuses PDF of being dictator and fighting back against the people. Link - *Attach file Translation -6*

**Hate Speeches Targeted to the NUG**

The Facebook account named 'Mg Mg' posted a cartoon on 5th May in which the Acting President of NUG, Duwa La Shila, asked the ministers of NUG to hold a cup as beggars. The cartoon caption is "NUG Duwa La Shila warned to implement strategies on all battlefronts." Link - ***Attach file Translation -7***

A pro-military Telegram Channel named as “Naung Taw Lay” posted on 21st May that "CRPH, NUG, PDF are the subversives and evils who are destroying the nation, race and religion.” That post used Dehumanizing Hate Speech and Criminalizing Hate Speech by describing the ones who are fighting against the coup, as evils and subversives. Link - ***Attach file Translation -8***






### Hate Speeches Targeted to AA

A pro-military Telegram Channel named as “Mhinewai” posted on 3$^{rd}$ May that "TNLA entered the MNDAA's camp area Kut Khaing without informing them. They said they are allies but they are eager to fight for the places. If they were enemies and not allies, they would kill each other for generations." That post used Abusive Hate Speech by describing Three Brotherhood Alliance as dogs and the groups that would kill each other for generations. [Link](#)

- ***Attach file Translation -9***

The Facebook account named as 'Mg Mg' posted on 4th May that "AA troops are the one who destroy the country and the religion. They are militants, evils and common enemies of Myanmar. Heavy weapons were fired by AA into the compound of No. (1) Basic Education High School in Ward No. (1) of Buthidaung Township." That post used Dehumanizing Hate Speech and Criminalizing Hate Speech by describing the commander-in-chief of the Arakan Army (AA) as a dog, drug lord, subversive and militant. [Link](#)

- ***Attach file Translation -10***







A pro-military Telegram Channel named as “Nay Pyi Taw” posted on 6$^{th}$ May that "After AA occupied Kyikanpyin area, as AA is still trying to gather their troops, if the military tried to re-occupy that area, it would be possible to win." That post incited the military to reoccupy the Kyikanpyin. That post used Dehumanizing Hate Speech by describing AA as dogs. [Link](#)

- ***Attach file Translation -11***

The Facebook account named as ‘Galonesetkyarshin’ posted on 10$^{th}$ May that "If you support AA, that means you are supporting terrorism. Where there is AA, there will be flames of war and then ashes. If you do not want the similar war

incidents, do not deal with AA, do not support them." That post used Abusive Hate Speech by describing AA as terrorist group. It also used Threatening Hate Speech not to support AA if you do not want the incident of war flames and ashes like in Rakhine. Link - ***Attach file Translation -12***

**Hate Speeches Targeted to the Women**

A pro-military Telegram Channel named as “Sittadin” posted that "Our country should collect taxes from the women who are travelling around the world by using their samusa (female private area)" along with the photo of May Myat Thu Aung's trip to Dubai. That post used Abusive Hate Speech against women. Link - ***Attach file Translation -13***

A pro-military Telegram Channel named as “Sittadin” posted on 22nd May that "The women who took part in T-shirts campaign by wearing T-shirts with the slogan ``We'll meet again in Yangon" are actually sex workers and also the ones who are committing violence.” That post used Abusive Hate Speech that sexually abused against women. Link - ***Attach file Translation -14***




A pro-military Telegram Channel named as “Mahuyar Mwayhouk” posted on 28th May that "During the beginning of the Spring Revolution, when the bank employees were discussing to join the Civil Disobedience Movement (CDM), I did not encourage it. Although I did stop them, I did not succeed in it. When those bank employees joined CDM, we had to withdraw our own money with difficulties. In addition, when a Grade 10 student said she was going to join CDM

for her education, I tried to stop her but I did not succeed. Last week, I saw her as a prostitute in a township. She came to me and negotiated services with me so I accepted it." That post used hate speech that sexually abused women who are taking part in CDM. Link - ***Attach file Translation -15***

**Hate Speeches in Cartoons**

A pro-military Telegram Channel named as "Ka Ka Han" posted on 10th May a cartoon in which a man in KIA uniform is telling two dogs to bite the people and those dogs were labelled as PDF.

And also a man in Burmese uniform labelled as NUG/NLD is clapping (to agree with KIA man). PDFs are killing the people by NUG's flattery and terrorist KIA's command. That cartoon used Dehumanizing Hate Speech by describing PDFs as dogs. It also used Criminalizing Hate Speech against KIA, NLD and NUG. Link





- ***Attach file Translation -16***

A pro-military Telegram Channel named as "Han Nyein Oo" posted a cartoon on May 11th, in which the NUG government who claims to be the official government, is still begging, making PDFs go to hell. NUG is such a shameless terrorist group. That cartoon used Abusive Hate Speech against NUG. Link - ***Attach file Translation -17***


A pro-military Telegram Channel named as "Han Nyein Oo" posted a cartoon on May 11th, in which the dogs labelled as NUG are teaching in the schools run by


[illegible] , in which the dogs labelled as NUG are teaching in the schools run by NUG. Wise parents send their children to the free education schools opened by the SAC government instead of the schools opened by NUG/PDF. That cartoon used Dehumanizing Hate Speech by describing NUG and PDFs as dogs. Link - *Attach file Translation -18*

### 4. The figure illustrating types of hate speech




### 5. The figure illustrating the number of hate speech targets






## 6. Keywords used by hate speech writers




## 7. Conclusion

In this month's findings, it was found out that AA General Tun Myat Naing said abusive hate speech against Rohingya and Spring Revolution Monk said criminalizing hate speech by describing Rohingya as illegal migrants and non-citizens. Since then, the use of the term "illegal migrants" to refer to Rohingya, has been increased at the times Rohingya faces AA's abuse. In addition, it was found that some monks said the dehumanizing hate speech against PDFs. They portrayed NUG, CRPH and PDFs as subversives and traitors. Sexual abuse against women who are taking part in the revolution, was also found. While the

statement "Rakhine people in Rakhine State have to worry about the danger of terrorist Muslim community" is being spread among Rakhine ethnic groups, the statement of the Human Rights Minister of the National Unity Government, U Aung Myo Min "the Rohingyas are being incited to become religious extremists and to commit violence against other religions" has worsened the tensions between the two ethnic groups on the ground.

Attached files Translation >>> ***Attach file Translation - 1***

Excerpts from VOA Interview with Human Rights Minister of the National Unity Government.

"In Rakhine State, where the war frame is getting wider, the terrorist junta is forcibly recruiting the Rohingya people and using them to fight against the Rakhine army. On the other hand, religious extremism and hatred was instilled into the Rohingya people to incite violence against other religions. Terrorist junta is the one who is creating these issues and our people are the victims of this violence."

.....................................................................................................................................

***Attach file Translation - 2***

The Burmese marching song by replacing the original lyrics of the song "Our brave Burmese" with the lyrics "Our Brave Bengali".

...........................................................................................................................................

***Attach file Translation - 3***

No ethnic people did the killing of Muslims, only the military council did it. Which ethnic group and which people have violently killed your Muslims? Isn't it the military that has done all the violence and killing throughout history? The Muslims did not speak out about the burning incident in Karen State, they speak out only for Rohingya, and Muslims are only worthy to live under the military. During 3 years and 5 months of the revolution, Muslim voices were missing. Muslims and Rohingyas are neither citizens or ethnic people, but they are guests and illegal migrants. If Muslims cannot live in Myanmar, they can leave. Muslims entered into Myanmar by sneaking and waging Jihad, and Rohingyas need to return to Bangladesh.

........................................................................................................................................................

***Attach file Translation - 4***

The chairman of Kantbalu village and some PDF groups are trying to seize the farm land of the CDM family who fled

PDFs even bully the CDMs who supported them. So what about the rest of people? Be careful if you support the terrorist PDFs. Those dogs PDFs will bite your hands if you do not feed them one time, even after you fed them ten times.

.....................................................................................................................................................

***Attach file Translation - 5***

The video caption is "A foolish Spring Revolution monk talked about the life of PDF that does not escape from the life of a beggar.

.....................................................................................................................................................

***Attach file Translation - 6***

The PDFs born from NUG, MOD, CRPH are not fighting against the military dictatorship but fighting back against the people. When PDF are acting like a dictator towards the people because the only thing they want is power and they are trying to take power back from the military. It is not strange at all.

..................................................................................................................................................

***Attach file Translation - 7***

NUG Duwa La Shila warned to implement strategies on all battlefronts.

...............................................................................................................................................

***Attach file Translation - 8***

CRPH, NUG, PDF are the subversives and evils who are destroying the nation, race and

religion.

A monk talked about the threats by PDF terrorists to stop the people from enjoying freedom and happiness on the Myanmar full moon day.

..............................................................................................................................................

***Attach file Translation - 9***

TNLA entered the MNDAA's camp area Kut Khaing without informing them. They said they are allies but they are eager to fight for the places. If they were enemies and not allies, they would kill each other for generations.

..............................................................................................................................................

***Attach file Translation - 10***

Terrorist AA troops who are subversive, militants, evil dogs and common enemies of Myanmar, fired heavy weapons intentionally into the compound of No. (1) Basic Education High School in Ward No. (1) of Buthidaung Township where temporarily displaced people live. Due to this incident, two local residents were killed and 15 local residents including three kids were injured.

..............................................................................................................................................

***Attach file Translation - 11***

After AA occupied Kyikanpyin, as AA is still trying to gather their troops, if the military tried to re-occupy that area, it would be possible to win. Our military should prepare and then should launch counter-attacks upon them.

..............................................................................................................................................

***Attach file Translation - 12***

Kyauk Phyu - Sane City was bombed by the military council

If you support AA, that means you are supporting terrorism. Where there is AA, there will be flames of war and then ashes. At that time. it would be nothing even if you shout you are innocent people. If you do not want the similar war incidents, do not deal with AA, do not support them.

..............................................................................................................................................

***Attach file Translation - 13***

Our country should collect taxes from the women who are travelling around the world by using their samosa (female private area).

..............................................................................................................................................

***Attach file Translation - 14***

The women who took part in T-shirts campaign by wearing T-shirts with the slogan ``We'll meet again in Yangon" are actually sex workers and also the ones who are committing violence. It was found out that 2 of them have been arrested by an unknown organization. Don't worry too much. They will come back if they get the night fees.

..............................................................................................................................................

***Attach file Translation - 15***

During the beginning of the Spring Revolution, when my friends who were working at bank were discussing to join the Civil Disobedience Movement (CDM), I did not encourage it as I do not believe in CDM. Although I did stop them, I did not succeed in it. When those bank employees joined CDM, we had to withdraw our own money with difficulties. We had to stand in line all day under the heat of the sun to get our own money. At the times of COVID, they said 'Join CDM, do not get COVID vaccinated. In the third wave of COVID, they all run to get COVID vaccinated when a large number of families died. In addition, when a Grade 10 student said she was going to join CDM for her education, I tried to stop her but I did not succeed. Last week, I saw her as a prostitute in a township. She came to me and negotiated services with me so I accepted it.

Reference: From a joke I have read before

Reference: From a joke I have read before

.................................................................................................................................

***Attach file Translation - 16***

My guys, those are the people you have to bite for the Spring Revolution.

The fact that PDF terrorists are killing people who disagree with them is because of the NUG's flattery and terrorist KIA's command.

............................................................................................................................

***Attach file Translation - 17***

The NUG government is dare to claim themselves as the official government while they are still begging, making PDFs go to hell. NUG is such a shameless terrorist, beggar group.

............................................................................................................................

***Attach file Translation - 18***

Wise parents do not send their children to the dog schools that can guarantee that their children will become dogs. Now, the parents who really love their children, despite the threats of NUG/PDF terrorists, enroll in free education official schools opened by the SAC government. It is said the parents are crowded on the first day of school.

..........................................................................................................................




## ၁။ နိဒါန်း

အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်နှင့် စစ်တပ်အားထောက်ခံသူများသည် တိုင်းရင်းသားလူမျိုးစုများနှင့် ဘာသာရေးအရ လူနည်းစုများကို ပစ်မှတ်ထားပြီး အမုန်းစကားများဖြန့်ဝေကာ အားကောင်းနေသည့် တော်လှန်ရေးအရှိန်ကို အာဏာသိမ်းမှု၊ ပြည်သူများအား ဖိနှိပ်အကြမ်းဖက်မှုတို့မှ အာရုံလွှဲရန် စိတ်သဘောထားကွဲလွဲမှုများကို တိုးပွါးအောင်ဆောင်ရွက်လာခဲ့သည်။ အာဏာသိမ်းစစ်တပ်သည် ၎င်း၏ အတွေးအခေါ်များကို အမုန်းစကားများအဖြစ် ပုံဖော်ကာ စစ်တပ်အုပ်ချုပ်ခဲ့သည့် သမိုင်းတစ်လျှောက်လုံးတွင်

ဝါဒဖြန့်လျက်ရှိသည်။ ထို့နောက် ၂၀၂၁ အာဏာသိမ်းမှုသည် ဖိနှိပ်ခံအုပ်စုများအပေါ် ထပ်လောင်း ညှဉ်းပန်းခြင်း၊ ဖယ်ကျဉ်ထားရန်နှင့် အကြမ်းဖက်မှုအား လှုံ့ဆော်ရန် စစ်အစိုးရကို တွန်းအားပေးလျက်ရှိသည်။ စစ်အစိုးရသည် တိုင်းပြည်အတွင်းရှိ လူ့အဖွဲ့အစည်းအတွင်း အကြောက်တရားနှင့် စိတ်ဝမ်းကွဲမှုကို မြှင့်တင်ရန် အမုန်းစကားများကို အစဉ်အမြဲအသုံးပြုလျက်ရှိသည်။ မြန်မာလူ့အဖွဲ့အစည်းသည် ဘာသာရေး၊ လူမျိုးရေးနှင့် ပတ်သက်လျှင် အထိအခိုက်မခံသည့် လူ့အဖွဲ့အစည်းအဖြစ် တည်ရှိနေပြီး လူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စုများကို ပစ်မှတ်ထားခြင်းဖြင့် စစ်အစိုးရသည် ၎င်း

တို့၏ အာဏာအား ဆက်လက်ထိန်းချုပ်ရန်နှင့် ဖိနှိပ်မှုများကို ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် အမုန်းစကားများကို ဖန်တီးရန် အစဉ်အမြဲကြိုးစားလျက်ရှိသည်။

စစ်အစိုးရနှင့် ၎င်း၏ ထောက်ခံသူများသည် အွန်လိုင်းနှင့် ပုံနှိပ်မီဒီယာများတွင် တော်လှန်ရေး ဆောင်ရွက်နေသူများအကြားနှင့် ပြည်သူများမှ တော်လှန်ရေးအပေါ် အထင်အမြင်လွဲမှားစေရန် အမုန်းစကားများကို နည်းလမ်းအမျိုးမျိုးအသုံးပြုပြီး ဖြန့်ဝေနေကြသည်။

BHRN ၏ လစဉ် အမုန်းစကား အစီရင်ခံစာ ရည်ရွယ်ချက်မှာ အာဏာသိမ်းစစ်တပ်နှင့် ၎င်း၏ ထောက်ခံအားပေးသူများ ကျူးလွန်ဖြန့်ဝေနေသည့် ဆိုရှယ်မီဒီယာနှင့်ပုံနှိပ်မီဒီယာများမှ အမုန်းစကားများ၏ လားရာများကို အနီးကပ် စောင့်ကြည့်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းတို့ဖြစ်သည်။ 2024 ခုနှစ် မေလတွင် BHRN သည် အမုန်းစကား ၁၁၂ ခု ကို မှတ်တမ်းတင်ခဲ့သည်။

## ၂။ သုတေသနနည်းနာ

အမုန်းစကားသည် စိတ်ခံစားမှု အမုန်းတရားပေါ်မူတည်ပြီး ပေါ်ပေါက်လာသော စကားရပ်ဖြစ်သည့်အလျောက် အဓိပ္ပါယ်ဖွင့်ဆိုရန် ကျယ်ပြန့်ပြီး တိကျသော ဖွင့်ဆိုချက်ဟူ၍ မရှိပေ။ သို့ဖြစ်ရာ ယခုအစီရင်ခံစာ၏ရည်ရွယ်ချက်အတွက်အမုန်းစကားဖွင့်ဆိုချက်ကို BHRN မှ အောက်ပါအတိုင်း သတ်မှတ်ထားသည်။ တစ်စုံတစ်ဦး သို့မဟုတ် အုပ်စုတစ်စုကို ရည်ရွယ်၍ လူတစ်ဦးကို အကာအကွယ်ပြုရမည့် ဝိသေသလက္ခဏာများကို ပြင်းထန်စွာဝေဖန်ခြင်း၊ ပြစ်တင်ခြင်း၊ မုန်းတီးရန်လိုခြင်း၊ မုန်းတီးခြင်းတို့ကို ခွဲခြားနှိမ့်ချဆက်ဆံမှုများကို ထုတ်ဖော်ပြောဆိုခြင်း၊ စာဖြင့်ရေးသားခြင်း၊ အမူအယာဖြင့် ဖော်ပြခြင်း၊ အနုပညာဖြင့် ဖော်ပြခြင်းတို့ကို ဆိုလိုသည်။

လူသားတစ်ဦး၏ ကိုးကွယ်မှု၊ ဘာသာစကား၊ လိင်၊ လိင်စိတ်ခံယူမှု၊ နိုင်ငံသားဇာစ်မြစ်၊ တိုင်းရင်းသားဖြစ်မှု၊ အသားအရောင်၊ လူမျိုး၊ ယုံကြည်မှု၊ နိုင်ငံသားဖြစ်မှု၊ အသားအရောင်၊ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်များ စသည့် မွေးရာပါအခွင့်အရေးများကို ထိခိုက်ပြောဆိုခြင်းတို့ကိုဆိုလိုပါသည်။ တွေ့ရှိသည့် အမုန်းစကား များကို အောက်ပါအတိုင်း ပြန်လည်ခွဲခြားပါသည်။ အပြစ်သားများအဖြစ် ပုံဖော်ရေးသားသည့် အမုန်းစကားများ၊ နိုင်ထက်စီးနင်းပြောဆိုသည့်အမုန်းစကားများ၊ လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့် အမုန်းစကားများ၊ ဆူပူအကြမ်းဖက်မှုကိုအားပေးသည့် အမုန်းစကားများ၊ ခြိမ်းခြောက်မှုအဖြစ် ပုံဖော်

ရေး သားသည့်အမုန်းစကားများ၊ အကြမ်းဖက်မှုနှင့် အမုန်းစကားကြောင့် ကျူးလွန်သည့် လုပ်ရပ်များကို ဂုဏ်ယူစရာအဖြစ်ရေးသားသည့် အမုန်းစကားများ စသည်တို့ဖြင့် အမျိုးအစားခွဲခြားထားပါသည်။

BHRN သည် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးစစ်ရေးတင်းမာမှုများဖြစ်ပေါ်နေချိန်တွင် စစ်တပ်နှင့် ၎င်း၏ ဝါဒဖြန့်ချန်နယ်များမှ ဖြန့်ဝေနေသည့် သတင်း

အကြောင်းအရာများတွင် ပါဝင်သည့် အမုန်းစကားအသုံးအနှုန်းများကို နေ့စဉ်လေ့လာစောင့်ကြည့်မှတ်တမ်းတင်ထားပါသည်။

အမုန်းစကားများ ဖြန့်ဝေရန်အတွက် စစ်အစိုးရနှင့် ထောက်ခံသူများ အသုံးပြုနေသည့် အွန်လိုင်းနှင့် ပုံနှိပ်မီဒီယာတို့ကို စောင့်ကြည့်ခြင်းဖြင့် ဤအစီရင်ခံစာကို စုစည်းထားပါသည်။ အထူးသဖြင့် BHRN သည် 2024 ခုနှစ် မေလတွင် Facebook group ၉ ခု၊ Facebook အကောင့် ၃၆ ခု၊ Tiktok account ၁၉ခု၊ Telegram Channels ၂၅ ခု နှင့် Printed Media ၄ ခုကို နေ့စဉ် စောင့်ကြည့်ခဲ့ပါသည်။ **စစ်ကောင်စီဝါဒဖြန့်မှုနည်းနာများ**

စစ်ကောင်စီသည် အမုန်းစကားများကို အသုံးချ၍ ဝါဒဖြန့်ခြင်းသည် ၎င်းတို့၏ ဝါဒဖြန့်မှုကို ထိထိရောက်ရောက် အသုံးပြုလျက်ရှိသည်။ ထိုဝါဒဖြန့်နည်းလမ်းများတွင် ထပ်ခါတလဲလဲပြောဆို ရေးသားခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြိုးကိုင်ခြယ်လှယ်ခြင်း၊ လှည့်စားခြင်းနှင့် အချက်အလက်များကို ကောက်နှုတ်ရွေးချယ်တင်ပြခြင်းတို့ ပါဝင်သည်။ ထိုနည်းလမ်းများကို ကျင့်သုံးခြင်းဖြင့် အာဏာရှင်စစ်တပ်သည် ၎င်းတို့၏ အတွေးအခေါ်ကို မြှင့်တင်ပေးသည့် ဇာတ်ကြောင်းများကို ဖန်တီးကာ "တိုင်းပြည်အား မပြိုကွဲအောင် ကာကွယ်ပေးနေသူများအဖြစ်လည်းကောင်း၊ အမျိုးဘာသာ သာသနာအား စောင့်ရှောက်သူများအဖြစ်လည်းကောင်း၊ သဟဇာတဖြစ်အောင်ဖော်ဆောင်နေသူများ အဖြစ်လည်းကောင်း ပုံဖော်ထားကြသည်။ ထို့ပြင် AA ရခိုင့်တပ်မတော်မှ ရိုဟင်ဂျာများအား တိုင်းပြည်သစ္စာဖောက်များအဖြစ် ပုံဖော်ရေးသားထားမှုများကို တွေ့ရှိရပါသည်။

အမုန်းစကားများကို အသုံးပြု၍ စိတ်အလိုမကျမှု၊ ဒေါသဖြစ်မှု၊ ကြောက်ရွံ့မှု သို့မဟုတ် နာကြည်းမှု ကဲ့သို့သော ပြင်းထန်သော စိတ်ခံစားမှုများကို လှုံ့ဆော်ပေးသည့် ဝါဒဖြန့်ဖြန့်ကျက်မှုကို အသုံးပြုလျက် ရှိသည်။ စစ်အစိုးရသည် ပစ်မှတ်ထားသော နယ်မြေများ၊ အဖွဲ့အစည်းများနှင့် ပတ်သက်သည့် စွပ်စွဲထားသော ဖြစ်ရပ်များ သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုများကို ပုံဖျက်ထားသည့် ဖြစ်ရပ်များကို အဆိုပါ စိတ်ခံစားမှုများကို အသုံးချပြီး ပြည်သူများအကြားရောက်ရှိအောင် ဖြန့်ဝေသည့်နည်းကို အသုံးပြုသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပြည်သူများသည် တော်လှန်ရေးအပေါ် စိတ်လျော့ခြင်း၊ အချင်းချင်း စိတ်ဝမ်းကွဲမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

ထိုသို့ အချင်းချင်းအကြား စိတ်ဝမ်းကွဲမှုများဖြစ်ပေါ်သည့်အခါ လူ့အဖွဲ့အစည်းသည် စစ်တပ်၏ ဖိနှိပ်ချုပ်ချယ် သောမူဝါဒများကို အပြစ်တင်ခြင်း၊ မေးခွန်းထုတ်ခြင်းဘက်သို့ အာရုံမရတော့ပဲ လူ့အဖွဲ့အစည်းအကြား အချင်းချင်း မေးခွန်းထုတ်ခြင်း၊ စိတ်ပျက်မှုများဖြစ်ပေါ်ခြင်းနှင့် နာကြည်းမှုများဖြစ်ပေါ်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။

BHRN ၏ ယခုလလေ့လာစောင့်ကြည့်မှုတွင် အမုန်းစကားအရေအတွက် ( ၁၁၂ ) ခုကို တွေ့ရှိခဲ့ပါသည်။ Facebook Account များပျက်ပါက အကောင့်သစ်များဖွင့်ခြင်းနှင့်

Telegram channel များကို ပြောင်းလဲအသုံးပြုလာကြသည်။ စစ်ကောင်စီသည် ၎င်းတို့၏ ဝါဒဖြန့်ဝေမှုအား Telegram channel များကို အဓိကထားအသုံးပြုပြီး အမုန်းစကားများ ကို ကာတွန်းများဖြင့် ဖော်ပြလာမှုကိုတွေ့ရှိလာရပါသည်။

**အမုန်းစကားဦးတည်ပစ်မှတ်များနှင့် အသုံးအနှုန်းများ**

မေလ လေ့လာစောင့်ကြည့်မှုတွင် တွေ့ရှိရသည့် အမုန်းစကားများ၏ ဦးတည်ပစ်မှတ်များ မှ ယခုတွေ့ရှိမှုတွင် အမုန်းစကားဦးတည် တိုက်ခိုက်ခံရမှု အများဆုံးမှာ ရခိုင့်တပ်မတော် (AA)ဖြစ်ပြီး ဒုတိယ တိုက်ခိုက်မှု အများဆုံးမှာ PDF နှင့် တတိယ အများဆုံးမှာ ရိုဟင်ဂျာ လူမျိုး တို့ဖြစ်သည်။ ထို့ပြင် NUG နှင့် အမျိုးသမီးများကို ဦးတည်တိုက်ခိုက်သည့် အမုန်း စကားများကိုလည်း တွေ့ရှိရသည်။

ထို့ပြင် ယခုလတွင် အမုန်းစကား များတွင် အသုံးအများဆုံး အသုံးအနှုန်းများမှာ ခွေး ၊ အကြမ်းဖက်၊ ခဲဝါ၊ ရိုလိမ်ဂျာ စသည်တို့ ဖြစ်သည်။

**ရိုဟင်ဂျာများကိုဦးတည်တိုက်ခိုက်သည့် အမုန်းစကားများ**

***အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဝန်ကြီး ဦးအောင်မျိုးမင်းပြောသည့် အမုန်းစကား***

စစ်ဘောင်ကျယ်လာတဲ့ရခိုင်ပြည်မှာ အကြမ်းဖက်စစ်ကောင်စီက ရိုဟင်ဂျာပြည်သူတွေကို အတင်း အကြပ် စစ်သား စုဆောင်းပြီးတော့ ရခိုင်တပ်တော်နဲ့ ရင်ဆိုင်တိုက်ခိုက်ရာတွင် အသုံးပြုနေတယ်။ တဖက်ကလည်း ရိုဟင်ဂျာတွေကို လူမျိုးရေး၊ ဘာသာရေးအစွန်းရောက်အောင် အမုန်းတရားသွတ်သွင်းပြီး အခြား ဘာသာဝင်တွေအပေါ် အကြမ်းဖက်အောင် သွေးထိုးလှုံ့ဆော်နေကြတယ်။ ဒီကိစ္စတွေကို ဖန်တီးနေတာ အကြမ်းဖက်စစ်ကောင်စီပဲဖြစ်ပြီး ဒီ အကြမ်းဖက်မှုရဲ့ သားကောင်က ပြည်သူပဲ ဖြစ်နေတယ်ဟု အမျိုးသား ညီညွတ်ရေး အစိုးရ လူ့အခွင့်အရေးဝန်ကြီး မှ VOA သို့ ပြန်လည်ဖြေကြားခဲ့သည်။ [မူရင်းပို့စ်]



ဧပြီလတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးအောင်သောင်းရွှေအား RFA မှ

ဘူးသီးတောင် အခြေအနေအား အင်တာဗျူးရာတွင် အင်တာဗျူးတွင် ဘူးသီးတောင်မြို့တွင် နေအိမ်များမီးရှို့ခံထားရပြီး တိုက်ပွဲဖြစ်ပွါးခြင်းမရှိပဲ စကစမှ သင်တန်းပေးထားသည့် အစွန်းရောက် မွတ်စလင်များက မီးရှို့ဖျက်ဆီး ကြောင်း၊ ရခိုင်လူမျိုးများသည် စစ်ကောင်စီနှင့် အစွန်းရောက်မွတ်စလင် ကွန်မြူနတီအား ကြောက်လန့် နေရကြောင်း အင်တာဗျူးဖြေကြားခဲ့သည်။ ထို့နောက်တွင် ရခိုင်လူမျိုးများစုဝေးထားသည့် လူမှုကွန်ယက် ၄၀ များတွင် ရိုဟင်ဂျာများကို ပြန်လည်လက်တုံ့ပြန်မည့်လှုံ့ဆော်မှုများကို တွေ့လာရသည်။ လူ့အခွင့်အရေး ဝန်ကြီးမှ ယခုကဲ့သို့ ဖြေကြားသည့်အခါ ရခိုင်များမှ ရိုဟင်ဂျာများ၏ အစွန်းရောက်အန္တရာယ်များကို စိုးရိမ်နေရသည်ဟု ပြောကြားမှုများကို ထောက်ခံပေးသည့် သဘောသက်ရောက်ပြီး စစ်ကောင်စီ စစ်ကြောင်းတွင် ဖမ်းမိရသည့် ရိုဟင်ဂျာများကို ညွှန်းကာ ရိုဟင်ဂျာများသည် အခြားဘာသာဝင်များအပေါ် အကြမ်းဖက်အောင် စည်းရုံးမှုခံနေရသည်ဟု ပြောဆိုခြင်းသည် အစွန်းရောက်ရခိုင်များမှ ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှုကို အားပေးလှုံ့ဆော်မှုကို သက်ရောက်ပါသည်။

### *ဗိုလ်ချုပ်ထွန်းမြတ်နိုင်မှ ပြောကြားသည့် အမုန်းစကားများ*





စစ်တပ်မှ ရိုဟင်ဂျာများကို ၎င်း၏တပ်တွင် အတင်းအဓမ္မစုဆောင်းခံရပြီး တိုက်ပွဲတွင် လက်နက်ချ အညံ့ခံသည့် ရိုဟင်ဂျာများ၏ ပုံနှင့် ယှဉ်တွဲကာ စစ်တပ်၏ စစ်ချီတေးတပုဒ်ဖြစ်သည့် "ရဲရဲတောက် ဒို့ဗမာတွေ" သီချင်းအား "ရဲရဲတောက် ဒို့ဘင်္ဂလီတွေ"ဟု ပြောင်းလဲရေးသားပြီး ရိုဟင်ဂျာများကို အပြစ်သားများ အဖြစ်လည်းကောင်း၊ နိုင်ငံထက်စီးနင်းပြောဆိုသည့် အမုန်းစကားကို ဗိုလ်ချုပ်ထွန်းမြတ်နိုင်မှ သူ၏ တွစ်တာအကောင့်တွေ ရေးသားဖြန့်ဝေခဲ့သည်။

### *နေ့ဦးတော်လှန်ရေးဆရာတော် အရှင်ကေသရ(သီရိလင်္ကာ) မှပြောသည့် အမုန်းစကားများ*

မွတ်စလင်များကို အကြမ်းဖက်သတ်ဖြတ်မှုကို မည်သည့်တိုင်းရင်းသားမှ မလုပ်ခဲ့ပဲ စစ်တပ်ကသာ လုပ်ခဲ့ကြောင်း၊ မွတ်စလင်များသည် ကရင်ပြည်နယ် မီးလောင်မှုကို အသံမထုတ်ပဲနေခဲ့ကြပြီး ရိုဟင်ဂျာများမှသာ အသံထွက်လာခြင်းသည် မွတ်စလင်များသည် စစ်တပ်နှင့်သာတန်ကြောင်း၊ မင်းတို့မွတ်စလင်တွေကို အကြမ်းဖက်သတ်ဖြတ်ခဲ့တာ ဘယ်တိုင်းရင်းသားရှိခဲ့ဖူးလဲ ဘယ်ပြည်သူရှိခဲ့ဖူးလဲ။ စစ်တပ်က သမိုင်းတစ်လျှောက်လုံးမှာ

အကြမ်းဖက်သတ်ဖြတ်ခဲ့တာ မဟုတ်ဘူးလား။ တော်လှန်ရေးကာလ ၃နှစ် ၅လတွင် မွတ်စလင်အသံများပျောက်နေပြီး ဘူးသီးတောင်ကိစ္စတွင် မွတ်စလင်များသည် အသံထုတ်မှုကို ခွေးနှင့်ခိုင်းနှိုင်း ပြောဆိုထားမှုကိုတွေ့ရသည်။




မွတ်စလင်များနှင့် ရိုဟင်ဂျာများသည် ဧည့်သည်အဖြစ်လည်းကောင်း၊ ခိုးဝင်အဖြစ်လည်း ကောင်း စသည့် ပုံစံအမျိုးမျိုးဖြင့် နိုင်ငံသားမဟုတ်ကြောင်း၊ တိုင်းရင်းသားမဟုတ်ကြောင်း ထည့်သွင်းပြောဆိုထားသည်။ ထို့ပြင် မြန်မာ နိုင်ငံတွင်မနေနိုင်လျှင် ထွက်သွားနိုင်ကြောင်း၊ မွတ်စလင်များသည် မြန်မာနိုင်ငံထဲကို ခိုးဝင်ထားခြင်းနှင့် ဂျီဟက်လုပ်ပြီး ဝင်လာတာဖြစ်ကြောင်း ရိုဟင်ဂျာများသည် ဘင်္ဂလားဒေ့ရှ်ကို ပြန်ရန်လိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ မူရင်းပို့စ်

***PDF များအပေါ် ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများ***

PDF များသည် သူတို့ကိုထောက်ခံသည့် CDM များကို အနိုင်ပြန်ကျင့်ပြီး ပြည်သူများအား ဆယ်ခါစားရပြီး တခါမစားရတာနဲ့ ခင်ဗျားတို့လက်ကို ကိုက်မည်ဟု ခွေးဖြင့် ခိုင်းနှိုင်း ရေးသားထားသည့် အမုန်းစကားကို **Ka Ka Han** တယ်လီဂရမ် Channel မှ မေလ ၉ ရက်နေ့တွင် ရေးသားဖြန့်ဝေခဲ့သည် ။ မူရင်းပို့စ်




သူတောင်းစားဘဝမှ မကျွတ်လွတ်သော PDFတွေဘဝကို နွေးရှူးကိုယ်တော်မှ ဖော်ပြုး၍ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို သူတောင်းစားဟု နှိမ့်ချပြောဆိုရေးသားထားသည့် အမုန်းစကား ရေးသားမှုအား အမုန်းစကားပြောသည့် နွေဦးတော်လှန် ရေးဆရာတော် ဗီဒီယိုအား ပေါက်ဆရာတော် တယ်လီဂရမ် Channel မှ မေလ ၁၀ ရက်နေ့တွင် ရေးသား ဖော်ပြထားသည် ။ မူရင်းပို့စ်

NUG, MOD, CRPH မှပေါက်ဖွားသော PDF များသည် အာဏာရှင်စစ်တပ်ကို မတိုက်ပဲ ပြည်

သူကို ပြန်တိုက်နေသူများအဖြစ်လည်းကောင်း၊ အာဏာလိုချင်လို့ စစ်တပ်ထံမှ အာဏာပြန်လုနေသည့်အတွက် ပြည်သူများကိုပါ အာဏာရှင်ဆန်ခြင်းသည် မထူးဆန်းကြောင်း PDFများသည် အာဏာရှင်ဆန်ကြောင်းနှင့် ပြည်သူများကို ပြန်တိုက်နေသည်ဟု စွပ်စွဲရေးသားထားသည့် အမုန်းစကားကို Shwe Thaw အမည်ရှိ Facebook acc က ရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။ [မူရင်းပို့စ်]

*NUG အစိုးရအား ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ*

စစ်မျက်နှာအားလုံး မဟာဗျူဟာကျကျအကောင်အထည်ဖော်ဖို့ NUG ဒုဝါလရှီးလ သတိပေး ဟုဆိုကာ NUG သမ္မတ ဒုလဝါရှီးလမှ ဝန်ကြီးများအား ခွက်ကိုင် တောင်းခိုင်းသည့်ကာတွန်းကို Mg Mg အမည်ရှိ Facebook acc က မေလ ၅ ရက်နေ့၌ ရေးသားဖြန့် ဝေခဲ့သည်ကို တွေ့ရှိရသည်။ [မူရင်းပို့စ်]

CRPH, NUG, PDF ဆိုတာ တိုင်းပြည်နဲ့ လူမျိုး၊ ဘာသာသာသနာကို ဖျက်ဆီးနေတဲ့ ပြည်ဖျက်မိစ္ဆာတွေ ဟူ၍ စစ်အာဏာသိမ်းမှု ကို တွန်းလှန်နေကြသည့်သူများကို လူအဖြစ်မှ နှိမ့်ချသည့် မိစ္ဆာဟူ၍လည်း ကောင်း၊ ဘာသာ သာသနာကို ဖျက်ဆီးနေကြသူများဟူ၍ အပြစ်သားများအဖြစ် ပုံဖော်၍လည်း ကောင်း ရေးသားထားသည့် အမုန်းစကား ရေးသားမှုကို အမျိုးသားရေး အစွန်းရောက် သတင်းသမားတစ်ဦးဖြစ်သည့် နောင်တော်လေးမှ သူ၏ Naung Taw Lay တယ်လီဂရမ် Channel မှ မေလ ၂၁ ရက်နေ့တွင် ရေးသားဖြန့်ဝေခဲ့သည်။ [မူရင်းပို့စ်]




**ရခိုင့်တပ်တော်(AA)အား ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများ**

ကွတ်ခိုင်MNDAA တပ်စွဲနေရာကို TNLA က အကြောင်းကြားခြင်းမရှိဘဲ ဝင်ရောက်နေရာယူဟုဆို ကာ MNDAA၊ TNLA နှင့် AA တပ်ဖွဲ့များသည် စားခွက်လုနေကြပြီး မဟာမိတ်မဟုတ်ပဲ ရန်သူသာဆိုလျှင် ဆွေစဉ်မျိုးဆက် လိုက်သတ်ကြမည်ဟု မဟာမိတ် ၃ဖွဲ့ကို ခွေးအဖြစ်

လည်းကောင်း ဆွေစဉ်မျိုးဆက် လိုက်သတ်မည်ဟု နိုင်ငံထက်စီးနင်းပြောဆိုသည့် အမုန်းစကားကိုမှိုင်းဝေ တယ်လီဂရမ် Channel မှ မေလ ၃ ရက်နေ့တွင် ရေးသားဖြန့် ဝေခဲ့သည်။ [မူရင်းပို့စ်]




AA တပ်ဖွဲ့ဝင်များသည် တိုင်းပြည်ဖျက် ကြသူများ၊ ဘာသာဖျက်စစ်သွေးကြွ များ၊ မိစ္ဆာ ဒိဋ္ဌိ မြန်မာနိုင်ငံ၏ ဘုံရန်သူ များဖြစ်ကြောင်းဖော်ပြထားသည်။ ဘူး သီးတောင်မြို့နယ် အမှတ်(၁)ရပ်ကွက် အတွင်းရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝန်းအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည် ဟု ဖော်ပြထားသည်။ ထိုဖော်ပြချက် တွင် AA စစ်ဦးစီးချုပ်အား ခွေးဖြင့် ခိုင်းနှိုင်း ၍လည်းကောင်း၊ မူးရစ်ရာဇာ အဖြစ်လည်းကောင်း၊ တိုင်းပြည်ဖျက် အဖြစ်လည်း ကောင်း၊ စစ်သွေးကြွ အဖြစ်လည်းကောင်း အပစ်သားများ အဖြစ် ဖော်ပြထားသည့် အမုန်း စကား ကို Mg Mg အမည်ရှိ Facebook acc က မေလ ၄ ရက်နေ့၌ ရေးသားခဲ့သည်။ [မူရင်းပို့စ်]

ကျီးကန်းပြင်ကို AA မှသိမ်းပိုက်ပြီးချိန် တွင် ကျီးကန်းပြင်အား စစ်တပ်မှ ပြန်လည်သိမ်းပိုက်ရန် လှုံ့ဆော်ပြီး AAဘက်မှ လူစုနေတုန်းဖြစ် သည့်အတွက် ပြန်လည်သိမ်းပိုက်လျှင်ရ နိုင်ကြောင်း ပြောကြားခဲ့သည်။ ထိုသို့ ပြောဆိုရာတွင် AA အဖွဲ့အား ခွေးနှင့် ခိုင်းနှိုင်းရေးသားထားသည့် အမုန်း စကားကို နေပြည်တော် တယ်လီဂရမ် Channel မှ မေလ ၆ ရက်နေ့တွင် ရေးသားဖြန့်ဝေခဲ့သည်။ [မူရင်းပို့စ်]




AAအားထောက်ခံအားပေးလျှင် အကြမ်းဖက်အားပေးဖြစ်ကြောင်း၊ AA ရှိသည့်နေရာတိုင်း သည် စစ်မီးတောက်ပြီး ပြာပုံဖြစ်မည်။ စစ်မီးတောက်ပြီး ပြာပုံဖြစ်သည့် ဖြစ်ရပ်မျိုး မဖြစ် လိုလျှင် AA အား ထောက်ခံခြင်း၊ အားပေးခြင်း ပတ်သက်ခြင်းမျိုးမပြုရန် ခြိမ်းခြောက် ရေးသားထားသည်။ ထိုရေးသားမှုတွင် စစ်ကောင်စီသည် AA အဖွဲ့အား အကြမ်းဖက်အဖွဲ့ ဟုဆိုကာ အပြစ်သားအဖြစ်လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် စစ်မီးတောက်ခြင်းနှင့် ပြာ

ပုံဖြစ်မှုများသည် AA ကိုထောက်ခံသည့်အတွက်ကြောင့်ဖြစ်ပြီး ထိုကဲ့သို့ မဖြစ်လိုလျှင် ထောက်ခံခြင်းမပြုရန် ခြိမ်းခြောက်ရေးသားထားသည့် အမုန်းစကားကို ကိုဂဠုန်စကြာရှင် အမည်ရှိ Facebook acc က မေလ ၁၀ ရက်နေ့က ရေးသားထားပါသည်။ မူရင်းပို့စ်

***အမျိုးသမီးများအပေါ် ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ***

စမူဆာတခုအရင်းပြုပြီး နိုင်ငံပတ်နေတဲ့ ဟာမတွေကိုလဲ နိုင်ငံတော်က အခွန်ကောက်သင့်တယ် ဟူ၍ မေမြတ်သူအောင်၏ ဒူဘိုင်းခရီးစဉ်အတွင်း တင်ထားသည့် ပုံနှင့် ယှဉ်တွဲကာ အမျိုးသမီးများအပေါ် နိုင့်ထက်စီးနင်း ရေးသားထားသည့်အမုန်းစကားကို စစ်သတင်း တယ်လီဂရမ် ချန်နယ်မှ ဖော်ပြထားပါသည်။ မူရင်းပို့စ်




ရန်ကုန်မှာ ပြန်ဆုံမယ် ဆိုတဲ့ စာတန်းပါ အင်္ကျီကို ဝတ်ဆင်ကာ ကမ်ပိန်း ပြုလုပ်ခဲ့သော အမျိုးသမီးများအား လိင်လုပ်သားလုပ်ပြီး အကြမ်းဖက်ဆောင်ရွက်နေသည့် အပျော်မယ်များဟု အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ စော်ကားကာ နိုင့်ထက်စီးနင်း ရေးသားထားသည့်အမုန်း စကားကို စစ်သတင်း တယ်လီဂရမ် Channel မှ မေလ ၂၂ ရက်နေ့တွင် ရေးသားဖော်ပြထားသည် ။ မူရင်းပို့စ်

နွေဦးတော်လှန်ရေးတွင် ဘဏ်ဝန်ထမ်းများ CDMလုပ်မည်ဟု တိုင်ပင်ချိန်တွင် အားမပေးပဲ တားဆီးခဲ့ပေမယ့် မအောင်မြင်ခဲ့ပေ။ ထို့ပြင် ဘဏ်ဝန်ထမ်းများ CDM လုပ်မည်ဟုဆိုချိန်တွင် တားဆီးခဲ့ပေမယ့် မရသဖြင့် အမြတ်ကြီးပေးပြီး ထုတ်ခဲ့ရသည်။ ဆယ်တန်းတက်နေတဲ့ ကောင်မလေးတဦးသည် ပညာရေး CDM လုပ်မည်ဟုပြောသောအခါ အားမပေးပဲ တားဆီးခဲ့ပေမယ့် မရခဲ့ပေ။ ပြီးခဲ့တဲ့အပတ်တွင် သမိုင်းတွင် လိင်အပျော်မယ်အဖြစ် လာ

ရောက်ညှိနှိုင်းသဖြင့် လက်ခံခဲ့သည်ဟု CDM တွင် ပါဝင်သူ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ စော်ကားပြောဆိုသည့် အမုန်းစကားကို မဟူရာမြေဖောက် အမည်ရှိ တယ်လီဂရမ် Channel မှ မေလ ၂၈ ရက်နေ့တွင် ရေးသား ဖော်ပြထားသည် ။ မူရင်းပို့စ်

***ကာတွန်းဖြင့်ဖော်ပြသော အမုန်းစကားများ***

PDF များသည် NUG ၏ သွေးထိုးမှုဖြင့် KIA အသုံးချသည့်အတိုင်း ပြည်သူများ



KIA အသုံးချသည့်အပိုင်း ပြည်သူများ ကို သတ်ဖြတ်နေသည်ဟု ဖော်ပြထားသည့် ကာတွန်းတွင် KIA မှ ခွေးနှစ်ကောင်အား ပြည်သူများကို ကိုက်ရမယ် လိုပြောဆိုနေမှုကို ပင်နီတိုက်ပုံဝတ်သူ တဦးမှ လက်ခုတ်တီးနေသည့် ပုံကို ရေးဆွဲထားသည်။


ထို့ပြင် ခွေး၂ကောင်အား PDF အဖြစ် ဖော်ပြထားသည်။ ထိုကာတွန်းတွင် PDF များအား လူအဖြစ် နှိမ့်ချ၍လည်းကောင်း KIA ၊NLD နှင့် NUG တို့ကို အပြစ်သားများအဖြစ် လည်းကောင်း စသည့် အမုန်းစကားများ ကို **Ka Ka Han** အမည်ရှိ တယ်လီဂရမ် Channel မှ မေလ ၁၀ ရက်နေ့တွင် ရေးသား ဖော်ပြထားသည် ။ [မူရင်းပို့စ်]





NUGအစိုးရအဖွဲ့သည် တရားဝင်အစိုးရဟုဆိုကာ ခချိန်ထိတောင်းစားနေရပြီး PDFများ ငရဲပြည်သွားအောင် လုပ်နေပြီး အရှက်မရှိသည့်အကြမ်းဖက်အဖွဲ့ဟုဖော်ပြထားပြီး ထိုကာတွန်းတွင် NUG အဖွဲ့အား နိုင့်ထက်စီးနင်းပြောထားသည့်အမုန်းစကားအား ကာတွန်းဖြင့်ဖော်ပြီး ဟန်ငြိမ်းဦး အမည်ရှိ တယ်လီဂရမ် Channel မှ မေလ ၁၁ ရက်နေ့တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရှိခဲ့ရပါသည်။ [မူရင်းပို့စ်]

အသိဉာဏ်ရှိသည့် မိဘများသည် NUG/PDF မှ ဖွင့်သည့်ကျောင်းများတွင်မထားပဲ ၎င်းတို့၏ သားသမီးများ ကို နစက မှဖွင့်သည့် အခမဲ့ပညာရေးကျောင်းတွင် အပ်နှံကြသည်ဟု ဆိုကာ ကာတွန်းတွင် NUG စာသင် ကျောင်းတွင် NUG, PDF အား လူအဖြစ်မှ နှိမ့်ချပြီး ခွေးဖြင့်ခိုင်းနှိုင်းရေးသားထားမှုကို ဟန်ငြိမ်းဦး တယ်လီဂရမ်ချန်နယ်တွင် ဖော်ပြထားပါသည်။ [မူရင်းပို့စ်]

## ၄။ အမုန်းစကားအမျိုးအစား အရေအတွက်ပြပုံ






၅။ အမုန်းစကား ဦးတည်ပစ်မှတ် အရေအတွက်များအား ဖော်ညွှန်းပုံ




၆။ အမုန်းစကားရေးသားသူများ သုံးစွဲသည့် keywords များ






## ၇။ နိဂုံး

ယခုလတွေ့ရှိမှုတွင် ဗိုလ်ချုပ်ထွန်းမြတ်နိုင်သည် ရိုဟင်ဂျာများအား နိုင့်ထက်စီးနင်းပြောဆိုသည့် အမုန်းစကားများအပြင် နွေဦးတော်လှန်ရေးဆရာတော်မှ ရိုဟင်ဂျာများအား ခိုးဝင်အဖြစ်လည်းကောင်း နိုင်ငံသားမဟုတ်ကြောင်း အပြစ်သားအဖြစ် ပြောဆိုမှုများကိုတွေ့ရှိရသည်။ ထိုအချိန်မှစပြီး AA မှ ရိုဟင်ဂျာများအပေါ် ကျူးလွန်မှုကြုံရချိန်တွင် ရိုဟင်ဂျာများကို ခိုးဝင်များအဖြစ် ပြန်လည် သုံးစွဲမှု မြင့်တက်လာခဲ့သည်။ ထို့ပြင် PDF များအား လူအဖြစ်မှနှိမ့်ချပြောဆိုမှုများ၊ NUG,CRPH နှင့် PDF များသည် တိုင်းပြည်ဖျက် သာသနာဖျက် သစ္စာဖောက်များအဖြစ် မဘသဆရာတော်များမှ ပြောဆိုလာမှုများကို တွေ့ရှိရသည်။ တော်လှန်ရေးတွင်ပါဝင်သည့် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ စော်ကားမှုများကိုပါ တွေ့ရှိရသည်။ ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုးများမှ အကြမ်းဖက်မွတ်စလင် ကွန်မြူနတီ အန္တရာယ်ကို စိုးရိမ်နေရသည်ဟု ပြောကြားမှုများ ရခိုင်လူမျိုးစုအတွင်း မြင့်တက်နေချိန်တွင် အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဝန်ကြီး ဦးအောင်မျိုးမင်းမှ ရိုဟင်ဂျာများအား ဘာသာရေး အစွန်းရောက်အောင် အခြားဘာသာဝင်များအပေါ် အကြမ်းဖက်အောင် သွေးထိုးလှုံ့ဆော်နေသည်ဟု ပြောကြားမှုသည် မြေပြင်တွင် လူမျိုးစု ၂စုတင်းမာနေမှုများ ပိုမိုဆိုးရွာမှုကို ဖြစ်စေခဲ့သည်။

### Background on the Burma Human Rights Network (BHRN)

Burma Human Rights Network (BHRN) is based in London, operates across Burma/Myanmar and works for human rights, minority rights and religious freedom in Burma. BHRN has played a crucial role in advocating for human rights and religious freedom with politicians and world leaders.

### Media Enquiries

Please contact:

Kyaw Win,
Executive Director
Burma Human Rights Network (BHRN)
E: kyawwin@bhrn.org.uk
T: +44(0) 740 345 2378

Wai Yan
Researcher
Burma Human Rights Network (BHRN)
E: wai.yan@bhrn.org.uk

**Learn More**

[Burma Human Rights Network] | [Phone] | [E-mail] | [Website]

Connect with us

Burma Human Rights Network (BHRN) | Walthamstow | London, E17 GB

Unsubscribe | Update Profile | Constant Contact Data Notice

Constant Contact
Try email marketing for free today!